Australian Aid

World Vision

# ကျေးရွာ၏ အနာဂတ်



The Vanguard Series

# ကျေးလက်၏ အနာဂတ်



The Vanguard Series

ထွေးငယ်ဟာ မလေးရှားနိုင်ငံကို သွားခွင့်ရဖို့ သူ့ရဲ့မိဘတွေကို ငိုယိုပြီး တောင်းပန်နေပါတယ်။ မြို့ကလာတဲ့ ပွဲစားက မလေးရှားနိုင်ငံမှာ အလုပ် လုပ်ဖို့ သူတို့ရွာကိုလာပြီး ထွေးငယ်ကို အဲဒီနိုင်ငံမှာ အိမ်အကူအဖြစ် အလုပ် လုပ်ဖို့ စည်းရုံးပါတယ်။ သူမကတော့တကယ့်ကိုသွားချင်နေခဲ့ပါတယ်။

“ကျေးဇူးပြုပြီးကျွန်မကိုသွားခွင့်ပေးပါ။” လို့ထွေးငယ်က မိဘတွေကို တောင်းပန်ပါတယ်။ ကျွန်မ အဲ့ဒီမှာပိုက်ဆံအများကြီးရှာနိုင်မယ်။ ဒီမှာဆိုရင် မီးသွေးဖုတ်တာပဲဖြစ်ဖြစ်၊ ကောက်ရိတ်တာပဲဖြစ်ဖြစ် အဲ့လောက်ပိုက်ဆံ မရှာနိုင်ဘူး။

ထွေးငယ်ရဲ့မိခင်ကတော့ “နင်ကအခုမှ ၁၆နှစ်ပဲရှိသေးတယ်၊ ပြီးတော့ မလေးရှားနိုင်ငံဆိုတာ အရမ်းဝေးတယ်” လို့ ပြန်ပြောပါတယ်။

ပွဲစားကတော့ ထွေးငယ်ကို စာရွက်စာတမ်းနဲ့တကွ မထွက်ခင်မှာလည်း သင်တန်းပေးမယ်လို့ ကတိပေးတယ်ဆိုတဲ့အကြောင်း မိဘတွေကိုပြောပြ ပေမယ့် သူမရဲ့မိဘတွေကတော့ ငြင်းဆန်နေခဲ့ပါတယ်။



တစ်နေ့မှာတော့ ထွေးငယ်ဟာ အကြံတစ်ခုရသွားပါတယ်။ ထွေးငယ်ဟာ "ကျွန်မရန်ကုန်မှာရှိတဲ့သင်တန်းကို သွားပြီးလေ့လာမယ်။ မကြိုက်ရင် နှစ်ရက်အတွင်း ပြန်လာမယ်" လို့ သူမရဲ့မိဘတွေကို ကတိပေးခဲ့ပါတယ်။

အဲ့ဒီကတိကြောင့် နောက်ဆုံးမှာ ထွေးငယ် မိဘတွေဆီက ခွင့်ပြုချက်ကို ရသွားခဲ့ပါတယ်။

ပွဲစားကလည်း အဲ့ဒီအစီအစဉ်ကိုသဘောတူပြီး ထွေးငယ်အတွက် မြို့ကို သွားမယ့် ငါးနာရီကြာခရီးကို အလျင်အမြန်စီစဉ်ပါတယ်။



သင်တန်းကျောင်းမှာတော့ထွေးငယ်ဟာ သူနဲ့ရွယ်တူ အခြားမိန်းကလေးများစွာကိုတွေ့ပါတယ်။ အဲ့ဒီနေရာဟာ လူတွေနဲ့ ပြည့်ကျပ်နေပါတယ်။ အဲ့ဒီမှာ ကြမ်းပြင်ပေါ်ကလွဲပြီး အိပ်စရာနေရာ မရှိပါဘူး။ နောက်ပြီးတော့ သူတို့တွေကို အပြင်ထွက်ခွင့်မပြုပါဘူး။ နေရာတိုင်းမှာ ကင်မရာတွေရှိနေပြီး သင်တန်းကျောင်းပတ်ပတ်လည်ကိုတော့ ခြံစည်းရိုးအမြင့်ကြီးတွေနဲ့ ကာရံထားပါတယ်။

နှစ်ရက်ကြာတဲ့အခါမှာတော့ သူမဟာ အိမ်ပြန်ချင်တဲ့အကြောင်း သူမကို ခေါ်လာတဲ့သူကိုပြောပေမယ့် ထွေးငယ်ကို ပြန်ခွင့်မပြုခဲ့ပါဘူး။

ထွေးငယ်ရဲ့မိသားစုက ပွဲစားကို ၁၂၅ ဒေါ်လာ (သို့) (၁၂၅၀၀၀)ကျပ် ပြန်မပေးနိုင်ရင် သူမကိုမပြန်ခိုင်းဘူး၊ ဘာလို့လဲဆိုတော့ ခရီးစရိတ်နဲ့သင်တန်းကျောင်းမှာနေတဲ့နှစ်ရက်တာအတွက် ပွဲစားကို သူအကြွေးတင်နေတယ်လို့ ထွေးငယ်ကိုပြောပါတယ်။ အဲ့ဒီနောက်ထွေးငယ်ကို ၂နှစ်စာ စာချုပ်မှာ အတင်းလက်မှတ်ထိုးခိုင်းပါတယ်။ အဲ့ဒီစာချုပ်မှာထွေးငယ်ဟာ နောက်၂နှစ်ကြာပြီးတဲ့အခါမှသာ ဒေါ်လာ ၃၀၀၀ (သို့) ကျပ်သိန်းသုံးဆယ်ခန့်ကို ရမှာဖြစ်ပါတယ်။



သင်တန်းကာလမှာ ထွေးငယ်နဲ့တခြားမိန်းကလေးတွေဟာ အတိုက်အခံ နည်းနည်းလုပ်မိလို့ အရိုက်ခံရပါတယ်။ တစ်ချို့ကတော့လွတ်မြောက်ဖို့ ကြိုးစားကြပေမယ့် မအောင်မြင်ကြပါဘူး။ မလေးရှားကို ထွေးငယ်ထွက်လာတဲ့နေ့မှာပဲ ပွဲစားကထွေးငယ်ရဲ့မိဘတွေကို သူမရဲ့လစာအနေနဲ့ ၅၀၀၀၀ကျပ်ကို ကြိုထုတ် ပေးခဲ့ပါတယ်။ ထွေးငယ်နဲ့အခြားမိန်းကလေးတွေကို ပွဲစားက သစ်လွင်တဲ့ ရုံးဝတ်စုံတွေ ဝတ်ဆင်စေပြီး တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ပေးပါတယ်။

လေယာဉ်ကွင်းမှာ တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြဖို့၊ အတူ မထိုင်ကြဖို့၊ မသိသလိုဟန်ဆောင်ကြဖို့ လူပွဲစားက ပြောလိုက်ပါတယ်။



မလေးရှားမှာတော့ ထွေးငယ်ဟာ အလုပ်ရှင်တွေရဲ့ ရက်ရက်စက်စက်ကျွန်လိုဆက်ဆံတာကိုခံရပြီး ဝေလကြာအလုပ်လုပ်ခဲ့ရပါတယ်။

အိမ်မှုကိစ္စအားလုံးနဲ့ သူ့အလုပ်ရှင်ရဲ့ရုံးသန့်ရှင်းရေးကို နာရီပေါင်းများစွာအလုပ်လုပ်ပေးခဲ့ရပါတယ်။ နောက်ပြီးထွေးငယ်ဟာ ကလေးသုံးယောက်နဲ့ ခွေးကိုးကောင်ကိုလည်း စောင့်ရှောက်ရပါတယ်။ သူမဟာ အခန်းတစ်ခန်းထဲမှာ ခွေးတွေနဲ့အတူ အိပ်ခဲ့ရပါတယ်။ ခွေးတွေက မွေ့ယာပေါ်မှာ အိပ်ပျော်သွားတဲ့အခါ သူမက ကြမ်းပြင်ပေါ်မှာအိပ်ရပါတယ်။

ထွေးငယ်ဟာ အရမ်းကိုအားနည်းပြီး အလုပ်မလုပ်နိုင်တဲ့အခါ သူ့အလုပ်ရှင်ရဲ့ဇနီးဟာ သူမကို စိတ်ကြွဆေးတွေတိုက်ပါတယ်။



နောက်ပိုင်း အဲ့ဒီအမျိုးသမီးရဲ့ယောက်ျားဟာ ထွေးငယ်အပေါ်မှာ စိတ်ဝင်စားလာပုံပြလာတဲ့အခါ အဲ့ဒီမိန်းမဟာ ထွေးငယ်ကို ပိုလို့တောင်ရိုက်လာပါတယ်။

တစ်နေ့မှာတော့ အဲ့ဒီအမျိုးသမီးဟာ သူမကို ဆေးအသစ်တစ်လုံးကို အတင်းမြိုချခိုင်းပြီး ခွေးတွေနေတဲ့အခန်းထဲမှာ သော့ခတ်ထားပါတယ်။ အဲ့ဒီဆေးဒဏ်ကြောင့် ထွေးငယ်ဟာ တစ်ညလုံးဖျားပြီး နောက်နေ့မနက်မှာတော့ သူမဟာအလုပ်လုပ်ဖို့အတွက် အရမ်းကို အားနည်းနေပါတယ်။ ထွေးငယ်ဟာ သူမရဲ့အလုပ်ရှင်ကို အိမ်ပြန်ပို့ပေးဖို့တောင်းပန်ပေမယ့်လည်း အလုပ်ရှင်ရဲ့မိန်းမက သူမကိုအလုပ်လုပ်ဖို့ ပျင်းရိတယ်ဆိုပြီး ရိုက်လိုက်တာ သတိတောင်လစ်သွားပါတယ်။





ထွေးငယ်ဟာဆေးရုံပေါ်မှာ နိုးလာပါတယ်။ ဆရာဝန်က သူမဟာ သေခါနီးဖြစ်နေပြီမို့ အိမ်ပြန်ပို့ဖို့ပြောပါတယ်။ ဒါနဲ့ပဲအလုပ်ရှင်ဟာ သူမအိမ်ပြန်ဖို့ လေယာဉ်လက်မှတ်ကို လျင်မြန်စွာပဲဝယ်ပေးခဲ့ပါတယ်။


ထွေးငယ်ဟာ မိန်းမောတွေဝေစွာနဲ့ အိမ်ကို ပြန်လာပါတယ်။



ထွေးငယ်ဟာ စိတ်ဒဏ်ရာအကြီးအကျယ်ရခဲ့ပါတယ်။ တစ်ခါတစ်ရံမှာ ငိုလေ့ရှိပြီး သူမရဲ့အတွေ့အကြုံကို မိသားစုတွေကို ပြန်ပြောပြဖို့တော့ငြင်းဆိုခဲ့ပါတယ်။ မိသားစုတွေက သူမကို ဘယ်လိုကူညီရမလဲဆိုတာကို မသိတဲ့အတွက် ကူညီရမယ့်အစား အပြစ်တင်ခဲ့ပါတယ်။

ဝေါလ်ဗီရှင်က ထွေးငယ်ကို ပထမဆုံးအကြိမ်လာတွေ့ကြည့်တဲ့အခါမှာ သူမဟာထွက်ပြေးပြီး ခြုံပုတ်ထဲမှာ ပုန်းနေပါတယ်။

"ပွဲစားဆီက လူတစ်ယောက်ယောက်လာပြီး စာချုပ်အတိုင်းဆက်လုပ်ဖို့ဆိုပြီး ပြန်ခေါ်သွားမှာကို ကြောက်နေပါတယ်" လို့ သူမက ဝေါလ်ဗီရှင်ဝန်ထမ်းကို ပြောခဲ့ပါတယ်။





ဝေါလ်ဗီရှင်ဝန်ထမ်းနဲ့ သူမရွာက စေတနာ့ဝန်ထမ်းတွေက ထွေးငယ်နဲ့ သူမရဲ့မိခင်ကို နှစ်သိမ့်ဆွေးနွေးပညာပေးဖို့ ကူညီခဲ့ပါတယ်။ နှစ်သိမ့်ဆွေးနွေးပေးသူနဲ့တွေ့ဖို့ လမ်းခရီးကုန်ကျစရိတ်ကို ဝေါလ်ဗီရှင်က တာဝန်ယူပေးပါတယ်။ ထွေးငယ်ရဲ့စိတ်ဒဏ်ရာတွေကိုပျောက်ကင်းဖို့ နှစ်သိမ့်ဆွေးနွေးအကြံပေးမှုပြုလုပ်တာ လပေါင်းများစွာ ကြာမြင့်ခဲ့ပါတယ်။

ဒီနှစ်သိမ့်ဆွေးနွေးမှုကြောင့် ထွေးငယ်ရဲ့မိဘတွေဟာ သူမကို နားလည်လာပြီး သူမကိုအပြစ်တင်တာတွေ နောက်ဆုံးတော့ ရပ်တန့်သွားပါတယ်။

ဝေါလ်ဗီရှင်ဝန်ထမ်းဟာ ထွေးငယ်ရဲ့တိုးတက်မှုကို စောင့်ကြည့်လေ့လာခဲ့ပါတယ်။ ထွေးငယ်ရဲ့အခြေအနေပုံမှန်ပြန်ဖြစ်တဲ့အခါမှာ ဝေါလ်ဗီရှင်ဝန်ထမ်းနဲ့ ထွေးငယ်တို့ဟာ ရွာမှာဘဲ ငွေဘယ်လိုရှာနိုင်သလဲဆိုတာကို ဆွေးနွေးကြပါတယ်။ ထွေးငယ်ဟာ ဟင်းရွက်ရောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဝေါလ်ဗီရှင်က သူ့ရဲ့လုပ်ငန်းစတင်ဖို့ ငွေအနည်းငယ်နဲ့ လိုအပ်တဲ့ပစ္စည်းတချို့ကို ထောက်ပံ့ပေးပါတယ်။


World Vision

မကြာခင်မှာပဲ ထွေးငယ်ဟာ တစ်ရက်ကို ၁၅၀၀ နဲ့ ၂၀၀၀ကျပ်ကြား ငွေရှာနိုင်လာပါတယ်။ ပြီးတော့သူမရဲ့စီးပွားရေးကို ချဲ့ထွင်ဖို့လည်း အစီအစဉ်ရှိပါတယ်။ စျေးရောင်းခြင်းဟာလည်း သူမရဲ့ယုံကြည်မှုတွေကို ပြန်လည်ရရှိလာဖို့ ကူညီပေးပါတယ်။  အိမ်နီးချင်းတွေ သူမဆီကို ဟင်းရွက်ဝယ်ဖို့လာတဲ့အခါ စျေးဝယ်သူတွေနဲ့စကားပြောဖို့လည်း ကြောက်ရွံ့ခြင်းမရှိတော့ပါဘူး။

ဝေါလ်ဗီရှင်ဝန်ထမ်းက သူမအိမ်ကို နောက်တစ်ကြိမ်သွားလည်တဲ့အခါမှာတော့ ထွေးငယ်ရဲ့တိုးတက်ပြောင်းလဲမှုကို မြင်တွေ့ရပြီး ပျော်ရွှင်ခဲ့ရပါတယ်။ ဝေါလ်ဗီရှင်ဝန်ထမ်းက ထွေးငယ်ကို နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်သေးလားလို့မေးတဲ့အခါ

“ကျမ မလေးရှားကို နောက်တစ်ခါပြန်မသွား
တော့ဘူး၊ ခွေးတစ်ကောင်ထက်တောင် နိမ့်ချပြီး ဆက်ဆံခံခဲ့ရတယ် အခု ကိုယ့်အိမ်မှာပဲ နေချင်တယ်လို့” ရက်ပြုံးလေးနဲ့ ပြောပါတယ်။

